ရှေ့ပြေး The Mirror

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ (1-3-2005) (၄၅၂၄)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon **နှင့်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကာကွယ်ရေးဝန်ကြီးဌာန ရိပ်သာသစ်ကြီးရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✧

ကြိုဆိုနှုတ်ဆက်

ဖေဖော်ဝါရီ ၂၈ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon **အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်း–၃) (သတင်းစဉ်)

ခေါင်းကြီးဆောင်းပါးအညွှန်း

* ***နိုင်ငံတော်က စီးပွားရေး၏အခြေခံ လယ်ယာကဏ္ဍထုတ်လုပ်မှုတိုးတက်စေရေးအတွက် စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအစီအမံများကို စဉ်ဆက်မပြတ်တည်ဆောက်ပေးလျက်ရှိရာ ဆည်တမံ၊ ရေထိန်းတံခါး၊ မြစ်ရေတင်စီမံကိန်းလုပ်ငန်းများပါဝင်သည်။ ယခုတည်ဆောက် ဖွင့်လှစ်လိုက်သည့် ငမိုးရိပ်ရေထိန်းတံခါးသည် နိုင်ငံတော်တစ်ဝန်းတည်ဆောက်ပြီးစီးခဲ့သည့် ၁၇၁ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ရန်ကုန်တိုင်းအနေဖြင့် ၁၅ခုမြောက်စီမံကိန်းလည်းဖြစ်သည်။***

ခေါင်းကြီး (စာမျက်နှာ–၂)

* ***နိုင်ငံတော်၏ စေတနာမေတ္တာ၊ တံတားတည်ဆောက်ရေးအတတ်ပညာရှင်များ၏ အတတ်ပညာ၊ လုံ့လဝီရိယနှင့် စိတ်ဓာတ်စွမ်းအားတို့ကြောင့် အိပ်မက်တံတားသည် မော်လမြိုင်မြို့နယ်ပြည်သူများ၏ ဘဝတံတား၊ အလှတံတားအဖြစ် အောင်မြင်ပြီးမြောက်ခဲ့ပါပြီ။ ခရီးလမ်းအသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပါလေပြီ။***

ခင်ဆွေမြင့်(မြန်မာစာ)၏ ***"အိပ်မက်တံတား"***

ဆောင်းပါး(စာမျက်နှာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ရှေကြေးမုံ
The Mirror

၁-၃-၂၀၀၅
(အင်္ဂါနေ့)

ရန်ကုန်မြို့တော်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု ငမိုးရိပ် ရေထိန်းတံခါးဖွင့်လှစ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော် ခေတ်မီဖွံ့ဖြိုးလာခြင်းနှင့်အတူ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည်တွင် စိုက်ပျိုးရေးကိုအခြေခံထားပြီး စိမ်းလန်းစိုပြည်စေရေး စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားသည်။

ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးစီမံကိန်းသည် ရန်ကုန်တိုင်းစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရေးအတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေမည့် စီမံကိန်းတစ်ခုဖြစ်သည်။ အဆိုပါစီမံကိန်းသည် ကြီးမားသောဆည်တမံကြီးများ တည်ဆောက်ပေးရန်မလိုအပ်ဘဲ တည်ရှိပြီးဖြစ်သော ရေသွယ်တူးမြောင်းများ၊ ရေထိန်းတံခါးများနှင့် ဆည်တမံအသေးစားများကို လိုအပ်သည့်ဒေသများတွင် စနစ်တကျ ဆက်စပ်တည်ဆောက်ပေးရုံမျှဖြင့် အချိန်တိုကာလအတွင်း တိုးတက်ဖြစ်ထွန်းလာနိုင်မည်ဖြစ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး ငမိုးရိပ်ချောင်းပေါ်၌ တည်ဆောက်ပြီးစီးသွားသည့် ငမိုးရိပ်ရေထိန်းတံခါးကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ငမိုးရိပ်ရေထိန်းတံခါး စီမံကိန်းသည် ငမိုးရိပ်ရေလှောင်တမံမှ ပိုလျှံရေများ၊ ငမိုးရိပ်ချောင်းလက်တက်မှ စီးဆင်းလာသော ရေများနှင့် စိုက်ကွင်းများမှ စီးဆင်းလာသော ပိုလျှံရေများကို အကျိုးရှိရှိအသုံးချနိုင်ရန် ငမိုးရိပ်ချောင်းအတွင်း ရေထိန်းတံခါး တည်ဆောက်ကာ ရေများသိုလှောင်ထားခြင်းဖြစ်သည်။

ယခုကဲ့သို့ ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်လိုက်သည့်အတွက် နှစ်စဉ်နွေစပါးဧက ၆၀၀၀ ခန့် စိုက်ပျိုးရေးအတွက် ရေပေးဝေနိုင်မည် ဖြစ်ပြီး မိုးရာသီ၌ ငမိုးရိပ်ချောင်းတစ်လျှောက်ရှိ လယ်မြေများအား ရေငန်ဝင်ရောက်ခြင်းမှ တားဆီးကာကွယ်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်က စီးပွားရေး၏အခြေခံ လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်စေရေးအတွက် စိုက်ပျိုးရေဖူလုံစွာရရှိရေး အစီအမံများကို စဉ်ဆက်မပြတ် တည်ဆောက်ပေးလျက်ရှိရာ ဆည်တမံ၊ ရေထိန်းတံခါး၊ မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ ပါဝင်သည်။ ယခု တည်ဆောက်ဖွင့်လှစ်လိုက်သည့် ငမိုးရိပ်ရေထိန်းတံခါးသည် နိုင်ငံတော်တစ်ဝန်း တည်ဆောက်ပြီးစီးခဲ့သည့် ၁၇၁ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ရန်ကုန်တိုင်းအနေဖြင့် ၁၅ ခုမြောက် စီမံကိန်းလည်းဖြစ်သည်။

ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိချိန်တွင် ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ဖွင့်လှစ်ခဲ့သဖြင့် လှည်းကူးမြို့နယ်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်အတွင်းရှိ လယ်မြေများ၌ နွေစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရေးအတွက် များစွာအကျိုးပြုလျက်ရှိကြောင်း တွေ့ရသည်။

ငမိုးရိပ်ရေထိန်းတံခါးသည် သဲနုန်းထုတ် ရေတံခါးရှစ်ပေါက် အပါအဝင် ရေတံခါး ၂၆ ပေါက်ပါရှိသည့် ရေသွင်း၊ ရေထုတ်နိုင်သော ရေတံခါးအမျိုးအစားဖြစ်သည်။ အဆိုပါ ရေထိန်းတံခါးကို အလျားပေ ၁၂၀၀ ရှိသည့် ရေခေါ်မြောင်းမကြီးနှင့် အလျားပေ ၂၀၀၀ ရှိသော ရေထုတ်မြောင်းမကြီးများဖြင့် ပါဝင်တည်ဆောက်ထားကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့်စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု ရေလှောင်တမံများ၊ ရေထိန်းတံခါးများကို နိုင်ငံတော်က ငွေကြေး မြောက်မြားစွာ ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူလယ်သမားများကလည်း စပါးနှင့်အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။
၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အခမ်းအနား တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသည့် အဋ္ဌမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး (အပေါ်ပုံ) **ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ စစ်ဒေသမှူးများ၊ တိုင်းအုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးရက်သတ္တပတ် လှုပ်ရှားမှုများကို အမျိုးသားရေးအသွင်ဖြင့် နှစ်စဉ် အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ကြောင်း။

ယခုအဋ္ဌမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ကို ၂၀၀၅ ခုနှစ်ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လ ၄ ရက်ထိ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်ကို ခုနစ်ရက်သာ ဆောင်ရွက်သည့်အတွက် အချိန်ကာလအားဖြင့် အလွန်တိုတောင်းသော်လည်း မြို့နယ်များအနေဖြင့် မိမိတို့ ရေးဆွဲထားသည့် စီမံချက်များအတိုင်း ပီပီပြင်ပြင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းနှင့် ရန်ကုန်တိုင်းအတွင်း မြို့နယ်များရှိ ပြည်သူများ ရောဂါဘယကင်းရှင်းစေရန်အတွက် အရေးကြီးသော ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေး အဖွဲ့အစည်းများ၏ ကြိုးပမ်းမှုတို့ဖြင့် အောင်မြင်မှုများရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

– ဂုဏ်ပြုလွှာချီးမြှင့် –

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အဋ္ဌမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အကြိုဆောင်ရွက်မှုများတွင် တက်ကြွစွာလှုပ်ရှား ဆောင်ရွက်ခဲ့ကြသော လှိုင်၊ ကြည့်မြင်တိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် သဃ်္ဃန်းကျွန်းမြို့နယ်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများထံ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ကျန်းမာ/ပညာ) ဒေါက်တာခင်မောင်လွင်က လှုပ်ရှားမှု ရက်သတ္တပတ်ဆောင်ပုဒ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့၊ ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက၊ ရေကောင်းရေသန့်သုံးစွဲမှ မိသားစုကျန်းမာရေး စိတ်အေးရ ဟူသည့် ဆောင်ပုဒ်များဖြင့် အဋ္ဌမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် မှတ်တမ်းများနှင့် ပညာပေးပြကွင်း ပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များသည် လှိုင်မြို့နယ် (၁၂) ရပ်ကွက်၊ ယောဂီကျောင်းလမ်း၌ပြုလုပ်သောအဋ္ဌမနှစ်အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အခမ်းအနားသို့ ရောက်ရှိလာရာ ရှေးဦးစွာ မြို့နယ် ကျန်းမာရေးဦးစီးမှူးဒေါက်တာ ဒေါ်မာမာအေးက မြို့နယ်အတွင်းရှိ ရပ်ကွက်များအလိုက် ယင်လုံအိမ်သာသုံးစွဲမှုနှင့် ရေကောင်းရေသန့်ရရှိသုံးစွဲမှု အခြေအနေများကို လည်းကောင်း၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း မြို့နယ်များအလိုက် ယင်လုံအိမ်သာသုံးစွဲမှုနှင့် ရေကောင်းရေသန့် ရရှိသုံးစွဲရေး ပညာပေးစီမံ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့်တာဝန်ရှိသူများက ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲကြရေးအတွက် ကျန်းမာရေးဦးစီးဌာနနှင့် အလှူရှင်များ ပူးပေါင်းလှူဒါန်းကြသည့် သန့်ရှင်းသည့်တွင်းလွှဲယင်လုံအိမ်သာများအား နေရာချ တပ်ဆင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာစံရွှေဝင်း၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက ကျန်းမာရေးဦးစီးဌာနမှ ပေးပို့လှူဒါန်းသည့် အိမ်သာခွက်များကို ရပ်ကွက်နေပြည်သူများသို့ ပေးအပ်ခဲ့ကြသည်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ်နှင့်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၉နာရီခွဲတွင် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အလေးပြုခြင်းခံယူ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwon တို့ ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမ ဆောင်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေး ပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwon ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Col. Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆက်လက် ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ပို့ဆောင် နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ **ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင်၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။** (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုတနန္ဒဝန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဖိုးသာအောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို မတ် ၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ခမ်းမ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၃-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	အလွမ်းတေးပန်းချိုချစ်သူဆီ
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (တတိယနှစ် မြန်မာစာ) "နေရီရိုဝတ္ထု"**
၅:၃၀	၉။	ပညာခေတ်
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရင်မှာတိုးဇော့ မွေးနေဆဲ" (အပိုင်း-၉)**
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	မြန်မာ့ရှခင်း
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး" (အပိုင်း-၈)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

အီရတ်နိုင်ငံကို ကိုင်တွယ်ဖြေရှင်းမှုအပေါ် သမ္မတဘုရှ်အား ပြည်သူလူထု ထောက်ခံမှုနှုန်းကျဆင်း

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

လေးဆယ်ရာခိုင်နှုန်းသော အမေရိကန်ပြည်သူလူထုက အီရတ်နိုင်ငံအား ကိုင်တွယ်ကျင့်သုံးနေသည့် သမ္မတဘုရှ်၏ လမ်းစဉ်ကို သဘောတူထောက်ခံကြရာ လွန်ခဲ့သည့်လတွင် ၄၅ ရာခိုင်နှုန်းရှိရာမှ ကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်း၊ သမ္မတဘုရှ်အပေါ် ထောက်ခံမှုနှုန်းသည် ဇန်နဝါရီအတွင်း ၄၆ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သည့် လူထုသဘောထား စစ်တမ်းတစ်ခုအရ သိရှိရသည်။

တည်ငြိမ်လာနိုင်

ယင်းစစ်တမ်းကို ပြူးသုတေသနက ကောက်ယူခြင်းဖြစ်သည်။ အီရတ်နိုင်ငံတွင် ဇန်နဝါရီ ၃၀ ရက်က ကျင်းပသော ရွေးကောက်ပွဲကြောင့် အရှေ့အလယ်ပိုင်းဒေသရှိ အီရတ်နိုင်ငံတွင် ပိုမိုတည်ငြိမ်လာနိုင်ကြောင်း ၄၇ ရာနှုန်းသော ပြည်သူလူထုက ပြောကြားပြီး ဇန်နဝါရီလအတွင်းက ပြုလုပ်သည့် အလားတူ လူထုသဘောထားစစ်တမ်းတွင် ကောက်ယူရရှိခဲ့သော ၂၉ ရာနှုန်းထက် ပိုမိုမြင့်မားလာခဲ့ခြင်းဖြစ်သည်ဟု ယင်းစစ်တမ်းတွင် ဖော်ပြထားသည်။

ကောင်းမွန်

အီရတ်နိုင်ငံ၏ အခြေအနေများ ကောင်းမွန်လျက်ရှိကြောင်း၊ လူကြီး ၁၅၀၂ ဦးအား ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၁ ရက်အထိ ကောက်ယူခဲ့သည့်စစ်တမ်းတွင် ပြည်သူလူထု ၅၄ ရာခိုင်နှုန်းက ပြောကြားခဲ့သည်ဟု ဖော်ပြထားသည်။

သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံတွင် နောက်ထပ်နှစ်နှစ် ထပ်နေရဦးမည်ဟု ပြည်သူ ၅၄ ရာခိုင်နှုန်းက တွေးထင်ထားကြပြီး ၂၄ ရာခိုင်နှုန်းသော ပြည်သူလူထုက ၎င်းတပ်ဖွဲ့ဝင်များ အီရတ်တွင် ငါးနှစ်ကျော်ကြာသည်အထိ နေထိုင်နိုင်သည်ဟု ယုံကြည်နေကြသည်။

မြင့်မားလာခဲ့

လေးဆယ်ခုနစ်ရာခိုင်နှုန်းသော ပြည်သူလူထုက အီရတ်စစ်ပွဲ ဆုံးဖြတ်ချက်မှားယွင်းကြောင်း ပြောကြားရာ ဇန်နဝါရီလက ၄၄ ရာခိုင်နှုန်းထက် မြင့်မားလာခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် ဟမ်းဗီးစစ်ယာဉ်တစ်စီးကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တီကရစ်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံး၊ ၃၅ ဦး ဒဏ်ရာရ

တီကရစ် ဖေဖော်ဝါရီ ၂၇

ရဲအရာရှိ ဟန်ဆောင်ရုပ်ဖျက်ထားသည့် အသေခံဗုံးဖောက်ခွဲသူတစ်ဦးက တီကရစ်မြို့ရှိ ရဲဌာနချုပ်အတွင်းသို့ မော်တော်ယာဉ်ဖြင့် မောင်းနှင်လာပြီး ကြာသပတေးနေ့က ဗုံးဖောက်ခွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးပြီး အခြား ၃၅ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ရဲနှင့်ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်များက ပြောကြားသည်။

ဖောက်ခွဲ

ရဲတပ်ဖွဲ့ဝင်များ နံနက်ပိုင်းက စုစုရုံးရုံးရှိနေစဉ် ရဲအရာရှိဝတ်စုံဝတ်ထားသည့် အသေခံဗုံးဖောက်ခွဲသူတစ်ဦးက ၎င်းမောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရဲဌာနချုပ် အဆောက်အအုံအတွင်း ထိုးဖောက်ကာ ဗုံးဖောက်ခွဲခဲ့ကြောင်း ဗိုလ်မှူးကြီးဟက်ဆန်အာမက်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

မိမိတို့ဆေးရုံတွင် အလောင်း ၁၀ လောင်းနှင့် ထိခိုက်ဒဏ်ရာရသူ ၂၂ ဦးတို့ကိုလက်ခံထားကြောင်း၊ သို့ရာတွင် သေဆုံးသူဦးရေ မြင့်မားလာနိုင်ကြောင်း၊ အားလုံးသည် ရဲတပ်ဖွဲ့ဝင်များဖြစ်ကြကြောင်း ဆရာဝန် အယ်လ်ဇေဂျူဘိုရီက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ပျက်စီး

ပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်အများအပြား မီးလောင်ပြီး ဗုံးထိမှန်သူများ၏ အသားစများ ယင်းဒေသတွင် ပြန့်ကျဲနေကြောင်း၊ အဆောက်အအုံအများစုလည်း ဆိုးဆိုးရွားရွား ပျက်စီးခဲ့ကြောင်း အာမက်က ထပ်လောင်းပြောကြားသည်။

အခင်းဖြစ်ပွားရာသို့ လူနာတင်ယာဉ်များ အမြန်ရောက်ရှိလာပြီး ဒဏ်ရာရသူများကို တီကရစ်ဆေးရုံသို့ တင်ပို့ပေးလျက်ရှိသည်။ အမေရိကန်တပ်ဖွဲ့က ယင်းနေရာအား ပိတ်ဆို့ထားလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြောက်ပိုင်းတွင် သီးခြားတိုက်ခိုက်မှုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းဒေသတွင် သီးခြားတိုက်ခိုက်မှုနှစ်ခု ကြာသပတေးနေ့က ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ကပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ပိုင်းရှိ ကာယက်မြို့အနီးတွင် လမ်းဘေးဗုံးပေါက်ကွဲရာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦးသည် ဘဂ္ဂဒက်မှ မိုင် ၆၀ အကွာရှိ ဆမ်မာရာမြို့အနီး ပေါက်ကွဲမှုဖြစ်ပွားရာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

အားဖြည့်

ဒုတိယမြောက် ပေါက်ကွဲမှုအတွင်း တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။ သေဆုံးသည့်တပ်ဖွဲ့ဝင်များသည် အထူးတပ်ဖွဲ့ဝင်များဖြစ်ပြီး ဘဂ္ဂဒက်မြို့တော်အနီးမှ ကာ့ဒ်လူမျိုးများ နေထိုင်ရာ ဒေသအထိ ကျယ်ပြန့်သောနယ်မြေတွင် လုံခြုံရေးအတွက် အားဖြည့်ထားသူများဖြစ်သည်။

အမေရိကန်ဦးဆောင်၍ အီရတ်အား ၂၀၀၃ ခုနှစ် မတ်လက စတင်ကျူးကျော်တိုက်ခိုက်အပြီး အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်သည် ၁၁၂၈ ဦးအထိ တိုးမြင့်လာခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။



နိုင်ငံတကာသတင်းများ

ယခုနှစ်တွင် အမေရိကန်လယ်ယာလုပ်ငန်းမှ ပို့ကုန်များကျဆင်းမည်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အမေရိကန်လယ်ယာလုပ်ငန်းများ၏ ၂၀၀၅ ခုနှစ် ပြည်ပပို့ကုန်တင်ပို့မှုသည် ယခင်နှစ်ကထက် အမေရိကန် ဒေါ်လာ ၃ ဘီလီယံကျော် ပိုမိုလျော့ကျသွားဖွယ်ရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အမေရိကန်နိုင်ငံ လယ်ယာလုပ်ငန်းများသည် ယခင်နှစ်က ပြည်ပနိုင်ငံများသို့ အမေရိကန် ဒေါ်လာ ၆၂ ဒသမ ၂ ဘီလီယံဖိုးထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။ တင်ပို့မှု ကျဆင်းသွားရခြင်းသည် လယ်ယာလုပ်ငန်းကဏ္ဍတွင် ပြည်ပနိုင်ငံများမှ ပြိုင်ဆိုင်မှုများ တိုးပွားလာခြင်း၊ နံ့စားသီးနှံ၊ ဆီထွက်သီးနှံ၊ ဝါစသည့် စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများ၏ ဈေးနှုန်းများကျဆင်းခြင်းနှင့် အမေရိကန်ထွက် အမဲသားများကို ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းလိုခြင်းမရှိသောကြောင့် ဖြစ်ရသည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာန၏ တင်ပြချက်တွင် ဖော်ပြထားသည်။

ကျဆင်း

အမေရိကန်နိုင်ငံ မွေးမြူရေးလုပ်ငန်းတွင် နွားများ၌ နွားရူးရောဂါပိုး တွေ့ရသည့် အခြေအနေနှင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်ရင်ဆိုင်ခဲ့ရသည်။ ထို့နောက်ပိုင်းတွင် အမေရိကန်အမဲသားများ ပြည်ပသို့ တင်ပို့မှုမှာ သိသိသာသာ ကျဆင်းသွားသည်။ ထိုအချိန်မှစ၍ ယခုအချိန်အထိ ၁၄ လတိုင်အောင် နွားရူးရောဂါ ထပ်မံဖြစ်ပွားသည်ကို မတွေ့ရဟု ဆိုသည်။

ယခုနှစ်တွင် အမေရိကန်အမဲသားတင်ပို့မှုမှာ ၂၀၀၃ ခုနှစ်နှင့်နှိုင်းစာလျှင် လေးပုံတစ်ပုံသာ ရှိလိမ့်မည်ဟု အထက်ဖော်ပြပါ မှန်းဆချက်တွင် ထည့်သွင်းရေးသားထားသည်။

တစ်ဖက်တွင်လည်း ကနေဒါနိုင်ငံမှ တင်သွင်းလာသော နွားများကို အမေရိကန်နိုင်ငံတွင်းသို့ ပြန်လည်တင်သွင်းခွင့်ပြုသဖြင့် အမေရိကန်၏ အမဲသားရောင်းချမှုမှာ ထိခိုက်စရာရှိနိုင်ကြောင်း သိရသည်။ အမေရိကန်တို့သည် ကနေဒါနိုင်ငံမှလာသော နွားများ၌ နွားရူးရောဂါပိုး တွေ့ရသောကြောင့် ထိုနိုင်ငံမှ ပေးပို့သောနွားများကို ၂၀၀၃ ခုနှစ် မေလမှစတင်၍ ပိတ်ပင်ထားခဲ့သည်။

ဂျုံ၊ ပြောင်းနှင့် ပဲပိစပ်တို့၏ ဈေးနှုန်းမှာလည်း ၂၀၀၅ ခုနှစ်တွင် ကျဆင်းစရာရှိသည်ဟု စိုက်ပျိုးရေးဌာနက ခန့်မှန်းဖော်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ခေါင်းနှစ်လုံးဆက်၍ မွေးလာသော အီဂျစ်ကလေးငယ်ကို ဆရာဝန်များ အောင်မြင်စွာခွဲစိတ်ပြီးစီး

ကိုင်ရို ဖေဖော်ဝါရီ ၂၇

အီဂျစ် ကလေးငယ်လေးတစ်ဦးမှာ ဦးခေါင်းနှစ်လုံး ဆက်လျက်သား မွေးဖွားလာခဲ့သည်။ ဦးခေါင်းတစ်လုံးမှာ မျက်နှာနှင့် ကိုယ်အပေါ်ပိုင်း ပါရှိလာသော်လည်း ရင်ဘတ်နှင့် ခြေလက်ပိုင်းများပါရှိလာခြင်းမရှိပေ။ ထိုကလေးကို ၁၃ နာရီကြာ ခွဲစိတ်ပြီးနောက် ဦးခေါင်းနှစ်လုံးအား အောင်မြင်စွာခွဲခြားလိုက်နိုင်ကြောင်း ဆေးဘက်ဆိုင်ရာများ ထံမှလာသော သတင်းများအရ သိရသည်။

ခွဲစိတ်ခံရသော သမီးငယ်မှာ မာနာမတ်ခ်ဆိုသူကလေးဖြစ်သည်။ သူမ၏ ဦးခေါင်းခွံနှစ်လုံးမှာ ဆက်လျက်သား မွေးဖွားလာခဲ့သည်။ ထိုဦးခေါင်းနှစ်လုံးသည် ပြီးခဲ့သော စနေနေ့က အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဦးခေါင်းတစ်လုံးမှာ ပြုံးနိုင်ရယ်နိုင်သော်လည်း အခြား ဦးခေါင်းတစ်ခုမှာမူ ရင်ခေါင်းပိုင်း၊ ခြေလက်ပိုင်းများ မပါရှိသဖြင့် သီးခြားအသက်ရှင် ရပ်တည်နိုင်စွမ်း မရှိကြောင်း သိရသည်။

ယခုအချိန်တွင် မာနာကလေး၏ အခြေအနေများမှာ တိုးတက်ကောင်းမွန်လာသည်။ အသက် ရှူမှန်ခြင်း၊ ကိုယ်အပူချိန်နှင့် နှလုံးခုန်နှုန်းများမှာလည်း ပုံမှန်အတိုင်းရှိသည်ဟုဆိုသည်။ သူမကို ခွဲစိတ်ရာတွင် ဆရာဝန် နာဆစ်ဟက်ဖနီနှင့် အခြားဆရာဝန် ၁၃ ဦးတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။ ခွဲစိတ်မှုကို ဘန်ကာမြို့ဆေးရုံ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ခွဲစိတ်ပြီးဖြစ်သော်လည်း လောလောဆယ်တွင် ကလေးငယ်မှာ သတိမရသေးဘဲ ဖြစ်နေသည်။ မာနာကလေးကို အနည်းဆုံး သီတင်းတစ်ပတ်ကြာအောင် အထူးလူနာခန်း၌ ပြုစုစောင့်ရှောက်သွားရဖွယ်ရာရှိသည်ဟု အတိုင်ပင်ခံ ကလေးဆရာဝန် အက်ဗလာအယ်အယ်ဖိုင်က ပြောကြားသည်။

အသက် ၁၀ လအရွယ်ရှိပြီဖြစ်သော မာနာကလေး၏ ဦးနှောက်မှာ ခွဲစိတ်မှုကြောင့် ထိခိုက်ခြင်း ရှိ၊ မရှိကို တီဗွီစကရင်ရိုက်၍ ကြည့်ရှုစစ်ဆေးမည့်ကိစ္စနှင့်ပတ်သက်၍မူ ဆရာဝန် ဟက်ဖနီနှင့် အယ်ဖိုင်တို့က တစ်စုံတစ်ရာ ပြောကြားခြင်းမရှိပေ။ ခွဲစိတ်မှုကြောင့် ကလေးငယ်တွင် အကြောဆွဲသော ရောဂါလက္ခဏာ တစ်စုံတစ်ရာ မတွေ့ရကြောင်း ဆရာဝန်များက ပြောကြားကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီဂျစ်သမီးငယ်ကလေး မာနာမတ်ခ်ကို ဦးခေါင်းတစ်လုံး ခွဲစိတ်ဖယ်ရှားခြင်းမပြုမီ ဘန်ဟာဆေးရုံပေါ်တွင် ဖေဖော်ဝါရီ ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

✧ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Col. Prissapa Suvanatat တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon **အား ရန်ကုန်မြို့ ကာကွယ်ရေးဝန်ကြီးဌာန ရိပ်သာသစ်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon **နှင့် အဖွဲ့အား ရန်ကုန်မြို့ ကာကွယ်ရေးဝန်ကြီးဌာန ရိပ်သာသစ်ကြီး၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwon **ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန ရိပ်သာသစ်ကြီး၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal ၊ စစ်သံမှူး Col. Prissapa Suvanatat နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဟိုပင်မြို့နယ်တွင် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဟိုပင်မြို့နယ် ညောင်ပင်ကျေးရွာအုပ်စု တက်လက်ရွှေမော်တွင် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ၂၂ရက် နံနက်၉နာရီကကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)(မြင်းမူမောင်နိုင်မိုး)၊ ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)၊ ဒေါက်တာမောင်မောင်(မောင်ဆင်ခြင်)နှင့် ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)တို့က စာပေရေးရာများကိုဟောပြောခဲ့ကြသည်။ အဆိုပါဟောပြောပွဲသို့ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသား စာပေဝါသနာရှင်များ စုစုပေါင်း၈၀၀၀ခန့် တက်ရောက်ခဲ့ကြသည်။ အဆိုပါ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ဟိုပင်မြို့တွင်လည်း ဖေဖော်ဝါရီ ၂၃ရက် ညနေ ၆နာရီက စာပေရေးရာများကိုဟောပြောခဲ့ကြသည်။ (က-ပ)

လှော်ကားဥယျာဉ် တောင်သူလယ်သမားနေ့ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို ၂၀၀၅ခုနှစ် မတ် ၂ရက်(တောင်သူလယ်သမားနေ့)တွင် အများပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေ အနားယူလေ့လာနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၂၈ရက်က မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်နှင့် တရုတ်အမျိုးသားလူငယ်အသင်းတို့ ပူးပေါင်းကျင်းပသည့် ပဉ္စမအကြိမ် ချွန်းကျက် အလွတ်တန်းစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ အောင်နိုင်ဆုရရှိသူများကို မြန်မာပြည် တရုတ်အမျိုးသားလူငယ်အသင်းနာယက ဦးစံလင်း ဆုချီးမြှင့်စဉ်။ (အား/ကာ)

အိပ်မက်တံတား

ခင်ဆွေမြင့်(မြန်မာစာ)

အိပ်မက်တံတား ဟူသောစကားအလုသည် ကျွန်မ၏ ကိုယ်ပိုင် ဝေါဟာရ မဟုတ်ပါ။ ဖေဖော်ဝါရီလ ၅ ရက်နေ့က ဖွင့်လှစ်ခဲ့သော"သံလွင်တံတား (မော်လမြိုင်)" ကို တာဝန်ရှိသူတစ်ဦးက တင်စားခေါ်ဆိုခဲ့သော အလင်္ကာ ပန်းတစ်ပွင့် ဖြစ်ပါသည်။ အလွန်ဆီလျော်လှပသောကြောင့် ကျွန်မနှစ်သက်စွာ ယူငင် သုံးစွဲလိုက်ခြင်းဖြစ်ပါသည်။

ဖေဖော်ဝါရီလ ၆ ရက်နေ့ထုတ် နေ့စဉ်သတင်းစာများတွင် ကဗျာရှင် လှမင်း(လှျပ်စစ်) ကလည်း–

> **"ထွန်းလို့င် ကျော်ဟိုး၊ ဒို့အမျိုးအတွက်**
> **အိပ်မက်တံတား၊ မျက်ဝါးထင်ထင်"**

ဟု မှတ်တမ်းတင်ဂုဏ်ပြုထားပါသည်။

မော်လမြိုင်နှင့် မုတ္တမဆိပ်ကမ်းကိုဆက်သွယ်သော သံလွင်မြစ်ကို ဖြတ်သန်းသည့် **သံလွင်တံတား(မော်လမြိုင်)**သည် တကယ်ပင် အိပ်မက်တံတား ဖြစ်ပါသည်။ ဤတံတားကို ကျွန်မတို့ အိပ်မက်မက်ခဲ့တာ ကြာခဲ့ပါပြီ။ ဘယ်သောအခါတွင်မှ ဖြစ်လာနိုင်လိမ့်မည်ဟု ဘယ်လိုမှ မထင်မှတ်ထားခဲ့သော အိပ်မက်ထဲမှ ချစ်သူသာ ဖြစ်ခဲ့ပါသည်။

အဘယ်ကြောင့်ပါနည်း။

သံလွင်မြစ်သည်ရေစီးအလွန်သန်လှပါသည်။ မော်လမြိုင်မြို့သည် သံလွင်မြစ်ဝ၊ တစ်နည်းအားဖြင့် သံလွင်မြစ်၊ ဂျိုင်းမြစ်နှင့် အတ္တရံမြစ် မြစ်သုံးခုတို့၏ ဆုံစည်းရာနေရာအနီးတွင် တည်ရှိပါသည်။ ရေစီးလည်းသန် ရေပြင်လည်း ကျယ်လှသော ဤသံလွင်မြစ်၏ ဟိုမှာဘက်ကမ်းမှ မုတ္တမနှင့် သည်မှာ ဘက်ကမ်းမှ မော်လမြိုင်တို့ကို အဘယ်သို့လျှင် တံတားတည်ဆောက်နိုင်ပါမည်နည်း။

သံလွင်တံတား(မော်လမြိုင်) ဆောက်မည်ဆိုပါလျှင် ခေတ်မီနက်ရှိုင်းသော နည်းပညာနှင့် မမျှော်မှန်းနိုင်လောက်အောင် ကုန်ကျမည့်ငွေကြေးပမာဏ အတိုင်းအဆ၊ ကုန်ကျစရိတ်မြောက်မြားစွာကို ကာမိထေမိစေမည့် စီးပွားရေး အကျိုးအမြတ် စသည်စသည်တို့ကို အင်ဂျင်နီယာပညာနှင့် စီးပွားရေးပညာကို တစိုးတစိမျှမသိသော ကျွန်မသည် ကိုယ့်ဘာသာကိုယ် တွက်ချက်ပြီး ဘယ်လိုမှ မဖြစ်နိုင်ဟုသာ ကောက်ချက်ချခဲ့ပါသည်။

ယခုမူ နိုင်ငံတော်၏ စေတနာမေတ္တာ၊ တံတားတည်ဆောက်ရေး အတတ်ပညာရှင်များ၏ အတတ်ပညာ၊ လုံ့လဝီရိယနှင့် စိတ်ဓာတ်စွမ်းအား တို့ကြောင့် အိပ်မက်တံတားသည် မော်လမြိုင်မြို့နယ် ပြည်သူများ၏ "ဘဝ တံတား၊ အလှတံတား" အဖြစ် အောင်မြင်ပြီးမြောက်ခဲ့ပါပြီ။ ခရီးလမ်းအသစ် ကို ဖွင့်လှစ်နိုင်ခဲ့ပါလေပြီ။

တကယ်တော့ ဤဆောင်းပါးကို သံလွင်တံတား(မော်လမြိုင်) ဆောက်မည် ဟု စတင်ကြားသိရစဉ်ကတည်းက ကျွန်မရေးချင်ခဲ့ပါသည်။ အသက် (၈၀) တွင်းသို့ ရောက်နေပြီဖြစ်သော ကျွန်မအမေသည်ပင် သူ့ဇာတိမြို့အတွက် ဝမ်းမြောက်မဆုံး ဖြစ်နေပါသည်။ သို့သော် အမှန်တကယ် ဝန်ခံရမည်ဆိုပါလျှင် ရေစီးသန်လှ ကျယ်လွန်းလှသော သံလွင်မြစ်ဆုံကို ကျွန်မ မယုံကြည်ရဲခဲ့ပါ။ ဒီတံတား တကယ်ဖြစ်လာနိုင်ပါ့မလားဟု မရဲ့မရဲ ဖြစ်ခဲ့မိပါသည်။

မော်လမြိုင်သူဖြစ်သော ကျွန်မသည် အခြားသူများနည်းတူ ကျွန်မ၏ ဇာတိရေ၊ မြေကို အလွန်ချစ်ပါသည်။ ချမ်းသာကြွယ်ဝစေချင်သည်။ တိုးတက်စေချင်သည်။ တည်ငြိမ်စေချင်သည်။ ခရီးလမ်းပန်း သာစေချင်သည်။ သို့သော် ရေ၊ မြေသဘာဝပတ်ဝန်းကျင် အလွန်လှပပြီး ကိုလိုနီခေတ်အဆောက်အအုံများ ကြောင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ အလွန်စိတ်ဝင်စားကြသော မော်လမြိုင်ဒေသအတွက် ရေအလျဉ်အဟုန်ကြီးသော ဤသံလွင်မြစ်ကြီးက အတားအဆီးတစ်ခု ဖြစ်နေပါသည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသူဘဝ၊ မော်လမြိုင်တက္ကသိုလ် ဆရာမဘဝ၊ ခင်ပွန်းသည်နောက်သို့ လိုက်ပါနေထိုင်ရသော အိမ်ရှင်မဘဝ၊ တစ်ခါတစ်ရံ အမေ့အိမ်ရိပ်ကို ပြန်လည်ခိုဝင်ရသောဘဝ၊ နောက်ဆုံး ကျန်းမာရေး အခြေအနေ အရ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ရသော ဖခင်ကြီးက သူတစ်သက်ပတ်လုံး စုဆောင်းထားသော စာအုပ်များကို သူ့ကျောင်းအမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(မော်လမြိုင်)နှင့် မော်လမြိုင်တက္ကသိုလ်သို့ ပြန်လှူလိုသော ကိစ္စ စသော စသောအကြောင်းကိစ္စများစွာတို့ဖြင့် ကျွန်မသည် သံလွင်မြစ်ကို ကူးတို့ဖြင့် အကြိမ်ကြိမ်ကူးပြီး မုတ္တမ–ရန်ကုန်ရထားကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် စီးခဲ့ပါသည်။

မော်လမြိုင်တစ်ခေါက်ပြန်ဖို့အရေး၊ ရန်ကုန်တစ်ခေါက်သွားဖို့အရေးများ အတွက် ကားတစ်တန်၊ ရထားတစ်တန်၊ သံလွင်မြစ်ကူး ကူးတို့သင်္ဘောများ၊ ဇက်ကူးတို့ယာဉ်များတစ်တန်ဖြင့် ဆင်းရတက်ရ၊ နောက်တစ်ခါ ပြန်ဆင်းရ၊ ပြန်တက်ရဖြင့် အတန်တန်သွားခဲ့ရပါသည်။ ပိုက်ဆံလည်းကုန်၊ ခွန်အားလည်း ကုန်၊ တန်ဖိုးအရှိဆုံးဖြစ်သောအချိန်မှာမူ မမျှော်မှန်းနိုင်လောက်အောင် ကုန်ဆုံးခဲ့ပါသည်။

မုတ္တမဘူတာရောက်ပြီဆိုသည်နှင့် တိုးဝှေ့နေသော ခရီးသည်တွေကြားမှ အလုအယက်တိုးဆင်း၊ ဆိပ်ခံတံတားပေါ်တွင် အပြေးအလွှားသွား၊ ကူးတို့သင်္ဘော၊ ကူးတို့ဇက်များပေါ်သို့ တိုးဝှေ့ကျော်လွှားပြီး တက်ရသည်။ ခြေတစ်လှမ်း ကုဋေတစ်သန်း လုပ်နေ၍မရ။ သင်္ဘောတွေ၊ ဇက်တွေက ခုရောက်ခုထွက်။ လူပြည့်ပြီဆိုသည်နှင့် ထွက်တော်မူကမ်းက ခွာကြပါသည်။ မုတ္တမဘက်ကမ်းတွင် ကျန်နေလို့ကတော့ သမ္ဗန်ဖြင့် စက်တပ်လှေငယ်လေးတွေဖြင့် ကူးရဖို့သာ ရှိပါသည်။

သံလွင်မြစ်နံဘေးနားမှာနေ၍ သံလွင်မြစ်ကို အချစ်ကြီး ချစ်သော်လည်း သံလွင်ရေကို အကြောက်ကြီးကြောက်သော ကျွန်မအဖို့ လှေဖြင့်သာ သံလွင်ကို ဖြတ်ရမည် ဆိုပါလျှင် လှေထဲတွင် သတိပါလစ်သွားနိုင်ပါသည်။ ဒါတောင်မှ သင်္ဘောပေါ်မှအဆင်း ကုန်းပေါ်တံတား လှုပ်တုတ်လှုပ်တုတ်ကို အထုပ်အပိုး တစ်ဖက်တစ်ချက်ဖြင့် အထိတ်ထိတ်အလန့်လန့်ဖြတ်ရပါသည်။ ကုန်းပေါ်ပေါ်က အထုပ်ပြုတ်ကျ၊ လူပြုတ်ကျသည့် သတင်းများကလည်း မကြားချင်အဆုံး။ ကြိတ်ကြိတ်တိုးနေသော ခရီးသည်များအကြား ခါးပိုက်နှိုက်ခံကြရသည်မှာလည်း နေ့စဉ်နှင့်အမျှ။ ကျွန်မကိုယ်တိုင်လည်း ကျောင်းသူဘဝက မုတ္တမဘက်ကမ်း အဆင်း ခေါက်ထီးတစ်လက်ပါသွား၍ နှမြောမဆုံး ဖြစ်ခဲ့ဖူးပါသည်။

သံလွင်မြစ်ကိုကူးရသည်မှာ အန္တရာယ်လည်းကြီးလှပါသည်။ သံလွင်မြစ်ထဲတွင် မိုးကြီးလေကြီးမိပြီး "ရွှေနယား"သင်္ဘောမှောက်ခဲ့ဖူးသော သတင်း ကိုလည်း မမေ့နိုင်ခဲ့ပါ။ ရေစီးသန်ပြီး ဝဲဂယက်များ ဝှေ့လည်နေသော သံလွင်မြစ်လယ်တွင် အော်ရင်းဟစ်ရင်း အသက်ဆုံးရှုံးကြရသူများသတင်းကို ထိတ်လန့်တုန်လှုပ်စွာ ကြားကြရပါသည်။ ကူးတို့သင်္ဘောနှင့် အဆင်မပြေသောကြောင့် လှေဖြင့်ဖြတ်ကူးရာမှာ သံလွင်မြစ်ရေတွင် အသက်စွန့်သွားကြရရှာသောသူများ လည်း များစွာရှိပါသည်။ အဘယ်မျှပင် အန္တရာယ်များသည်ဖြစ်စေ၊ အချိန်ကုန် လူပန်းရသည်ဖြစ်စေ ဒီခရီးကို ရင်တထိတ်ထိတ်ဖြင့် သွားမြဲသွားခဲ့ကြရပါသည်။ မော်လမြိုင်သူနှင့် ဖူးစာဆုံခဲ့သော ကျွန်မ၏ခင်ပွန်းသည်ကမူ သံယောဇဉ် ဆွဲအားကြောင့်သာ မော်လမြိုင်ကို အခေါက်ခေါက် လာရသည်ဟု ပြောခဲ့ပါသည်။ မိသားစုနှင့် အတူနေရသောအခါတွင်မူ အလည်တစ်ခေါက်သွားဖို့ပင် တွေးရုံဖြင့် စိတ်မောလူမော ဖြစ်ရသည်ဟု ဆိုပါသည်။

အလွန်ကရိကထများပြီး အလွန်အဆင်မပြေ၊ အလွန်ပင်ပန်းဆင်းရဲ၊ အလွန်အန္တရာယ်များလှသော ဤခရီးသည် ယခုမူ အတိတ်သမိုင်းမှ ပုံရိပ်များ အဖြစ် တဖြည်းဖြည်း ဝေးဝေးပြီး မှေးမှိန်သွားရပေတော့မည်။

ကျွန်မအသက်ခြောက်နှစ်၊ ခုနစ်နှစ်အရွယ် စစ်တောင်းတံတားကြီးမပြီးမီက ရန်ကုန်သို့ပထမဆုံးအကြိမ် သွားဖူးပါသည်။ စစ်တောင်းဘူတာတွင် ကျွန်မအဖေ နှင့်အမေသည် ကလေးလေးယောက်ကို ဆွဲလွဲပြီး ရထားပေါ်မှ ကသောင်းကနင်း အပြေးအလွှားဆင်း၊ တစ်ဖက်ကမ်းသို့ ဇက်ဖြင့် ကျပ်ကျပ်သတ်သတ်ကူး၊ တစ်ဖက် ရထားပေါ်တွင် နေရာရအောင် အလုအယက် တိုးကြိတ်ရသည်တို့ကို ကျွန်မစွဲစွဲမြဲမြဲ မှတ်မိနေပါသည်။ ရန်ကုန်တက္ကသိုလ်သို့ ကျောင်းတက်ရသော အခါတွင်မူ စစ်တောင်းတံတားကြီး ဆောက်ပြီးသွားပြီဖြစ်ပါသည်။ ကျွန်မသည် စစ်တောင်း တံတားကို ရထားဖြင့်ဖြတ်တိုင်း ကလေးဘဝက စစ်တောင်းမြစ်ကူး အတွေ့အကြုံကို သတိရမြဲဖြစ်ပါသည်။ တံတား၏အရသာကိုလည်း တစိမ့်စိမ့် ခံစားနေမိပြီး ကျေနပ်မိမြဲ ဖြစ်ပါသည်။

ယခုမူ–

စစ်တောင်းတံတားထက်ပိုမို၍ အိပ်မက်ဆန်လှသော သံလွင်တံတား (မော်လမြိုင်) ကို ဖြတ်သန်းသွားရပါဦးတော့မည်။ စိတ်ဆင်းရဲပင်ပန်းခဲ့ရသော၊ ထိတ်လန့်တုန်လှုပ်ခဲ့ရသော ခရီးသွားအတွေ့အကြုံများကို အတိတ်အိပ်မက်တွင် ထားရစ်နိုင်ပါတော့မည်။

ပွင့်ပွင့်လင်းလင်း စကားပြောဆိုတတ်သော၊ ခင်မင်ဖော်ရွေသော၊ ဇာတိမြေကို ချစ်ခင်မြတ်နိုး တန်ဖိုးထားတတ်သော မော်လမြိုင်မြို့သူမြို့သား၊ နယ်သူ နယ်သားများသည် ရေမြေသဘာဝပတ်ဝန်းကျင် လှပစိုပြည်ရုံမျှမက ခရီး လမ်းပန်းသာလာပြီဖြစ်သော မိမိရေမြေဒေသအတွက် ဂုဏ်ယူမဆုံး၊ ဝမ်းသာ ပီတိဖြစ်မဆုံး၊ ကြည်နူးမဆုံး ရှိကြပါလိမ့်မည်။

သူ့မြို့အတွက် သူပျော်နေသော ကျွန်မအမေမှာမူ လွန်ခဲ့သော ၁၀ လ က ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ပါပြီ။ " တံတားပြီးရင် မေမေ မော်လမြိုင်ကို သွားမယ်" ဟုဆိုသော သူမ၏ ဆန္ဒမပြည့်ဝခဲ့သော်လည်း ကျွန်မ၏ အမေ သည် မြင့်ရာမြတ်ရာတမလွန်ဘဝမှနေ၍ ခရီးလမ်းပန်းသာလှသည့် တံတား ကြီးကို တွေ့မြင်ပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နေပါလိမ့်မည်။

မော်လမြိုင်ဒေသနေသူများနှင့်တကွ မော်လမြိုင်သို့ အလည်တစ်ခေါက် သွားရောက်လိုသည့် မြန်မာပြည် တစ်နံတစ်လျားမှ မြန်မာပြည်သူများ အားလုံးကိုလည်း **အိပ်မက်တံတားမှ လှိုက်လှဲပျူငှာ ကြိုဆိုလျက်ရှိပါသည်**ဟု ကျွန်မကြည်နူးပီတိဖြစ်မိသည်များကို မျှဝေခံစားလိုက်ပါသည်။ ။

သံလွင်တံတား(မော်လမြိုင်)

ရထားလမ်းနှင့် ကားလမ်းယှဉ်လျက်ရှိပြီး ၁၁၅၇၅ ပေ ရှည်သည့် မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့် အကြီးဆုံး သံလွင်တံတား (မော်လမြိုင်) ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။



ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီးနောက် ပြန်လည်ထွက်ခွာမည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ယင်းသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသုရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Col. Prissapa Suvanatatနှင့် တာဝန်ရှိသူများလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၃နာရီ ၁၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လေဆိပ်ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwon အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwonအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ရေနံမြေများ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဖေဖော်ဝါရီ ၂၅ရက် နံနက်ပိုင်းတွင် မကွေးတိုင်းအတွင်းရှိ ထောက်ရှာပင်-ကမ်းနီ ရေနံမြေသို့ ရောက်ရှိပြီး ရေနံမြေရိပ်သာ၌ မန်နေဂျာနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ရေနံအထွက်တိုးရေးနှင့် အလေအလွင့် ဆုံးရှုံးမှုနည်းပါးစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရန် ညွှန်ကြားပြီး ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် မင်းလှမြို့နယ်ရှိ ဒဟတ်ပင်နှင့် ရေနံမ ရေနံမြေများသို့ရောက်ရှိကာ တာဝန်ရှိသူများနှင့်အတူ ရေနံမြေများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းတွင် ဆက်လက်ထွက်ခွာလာရာ မြန်အောင်ရေနံမြေသို့ ရောက်ရှိပြီး ထုတ်လုပ်မှုစမ်းသပ်ရန် ပြင်ဆင်လျက်ရှိသော တွင်းအမှတ်(၁၆၈) တူးဖော်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ အချိန်မီလုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး မှာကြားပြီး လိုအပ်သည်များကို ညွှန်ကြားဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၇ ရက်နံနက်ပိုင်းတွင် ရွှေပြည်သာရေနံမြေသို့ ရောက်ရှိပြီး ရေနံမြေအတွင်းရှိ တူးဖော်လျက်ရှိသော တွင်းအမှတ်(၅၅)နှင့် ဆက်လက်တူးဖော်မည့် တွင်းအမှတ်(၅၆)အတွက် တွင်းနေရာပြင်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တွင်းနေရာများ ရေနစ်မြုပ်မှုမရှိစေရေး မျှော်မှန်း၍ ကြိုတင်ကာကွယ်ဆောင်ရွက်သွားရန်မှာကြားပြီးဆက်လက်ထွက်ခွာလာရာ ညောင်တုန်း ရေနံမြေသို့ ညနေပိုင်းတွင် ရောက်ရှိသည်။

ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ညောင်တုန်းရေနံမြေအတွင်း တူးဖော်လျက်ရှိသော တွင်းအမှတ်(၂၆) တူးဖော်နေမှုအခြေအနေကို ကြည့်ရှုအားပေးပြီး ရေနံမြေရိပ်သာ၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ အလေအလွင့် နည်းပါးစေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်သွားရန် ဆွေးနွေးညွှန်ကြားသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုရေးရာသိမှတ်စရာ ယဉ်ကျေးမှုမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ယဉ်ကျေးမှုရေးရာ သိမှတ်စရာ ကဏ္ဍများ စုံလင်စွာပါဝင်သည့် ၂၀၀၄ခုနှစ် ဒီဇင်ဘာလထုတ် ယဉ်ကျေးမှုမဂ္ဂဇင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဖတ်ရှုနိုင်

ယဉ်ကျေးမှုမဂ္ဂဇင်းသည် မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သော မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမပညာရပ်များစွာကို သုတ၊ ရသ စုံလင်စွာဖြင့် တစုတဝေးတည်း လေ့လာဖတ်ရှုနိုင်မည့် စာကောင်းပေမွန် စာအုပ်တစ်အုပ် ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်း အမှတ် ၅၂၃/၅၃၁ ရှိ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်၊ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် (၁၃၁)ရှိ အနုပညာဦးစီးဌာန၊ လှိုင်မြို့နယ် ပြည်လမ်း ဖိုမိုင်ခွဲ အမှတ် (၃၂-ဒီ)ရှိ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ဒဂုံမြို့နယ် ပြည်လမ်း အမှတ် ၆၆/၇၄ရှိ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၆ရပ်ကွက် အောင်ဇေယျလမ်းရှိ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)နှင့် မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ ရွှေစာရံဘုရားလမ်းရှိ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) တို့၌ ဝယ်ယူဖတ်ရှုနိုင်သည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မြန်အောင်ရေနံမြေရှိ တွင်းအမှတ်(၁၆၈) တူးဖော်ထုတ်လုပ်မှု စမ်းသပ်ရန် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

❀ မန္တလေးတိုင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားမကျင်းပမီ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် မဟာရွှေမြင်တင် စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံ၌ ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနားကို စတင်ကျင်းပရာ မန္တလေးတိုင်းသာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက အခမ်းအနားအစီအစဉ်များကို ဖတ်ကြား လျှောက်ထားတင်ပြသည်။

ယင်းနောက် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အနုပညာဦးစီးဌာနမှ အဆိုတော် မသပြေက စောင်းဦးစိုးတင့်နှင့် တွဲဖက်၍ ထူးမခြားနား သီချင်းခန့်ဖြင့် သီဆိုပူဇော်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားတွင် စေတီတော်အားရည်မှန်း၍ စိန်ဖူးတော်ကို ပြင်ဦးလွင်မြို့ ပုညကာရီ ခဲလယ်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုမနထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပြင်ဦးလွင်မြို့ ပုညကာရီ ခဲလယ်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုမနထံမှ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးတို့သည် မဟာရွှေမြင်တင်စေတီတော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်အား ရည်မှန်း၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပြင်ဦးလွင်မြို့ ပုညကာရီ (လေ)၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အလှူရှင်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော် ဘက်စုံပြုပြင်မွမ်းမံလျက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် အသစ်များ တင်လှူရာတွင် အမှားအယွင်းရှိပါက ခွင့်လွှတ်ပါရန် တောင်းပန်လွှာကို အလှူရှင်များကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ဖတ်ကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကန်ဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဥာဏိသာရထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပင့်ဆောင်

ယင်းနောက် စေတီတော်တွင် တင်လှူမည့် စိန်ဖူးတော်အား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လည်းကောင်း၊ ငှက်မြတ်နားတော်အား ဇနီး ဒေါ်မြမြစန်းက လည်းကောင်း စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်နိုင်ရန် ပင့်ဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးတို့က ဟသ်ာရုပ်ကိုလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူး၊ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူရှင်များသည် ဆတ်သွားဖူး၊ စိန်ပန်းခိုင်၊ ခေါင်းလောင်းများနှင့် ရွှေထီးတော် ဘုံဆင့်များကို လည်းကောင်း ပင့်ဆောင်ကြသည်။

ရထားပျံဖြင့်

ထို့နောက် ဒေဝါဝင်း၊ ရာဇာဝင်းနှင့် အတူစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံဆင့်များကို မဟာရွှေမြင်တင်စေတီတော်အား လက်ယာရစ် လှည့်လည်၍ ရွှေထီးတော်တင် မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ရာတွင် အနုပညာဦးစီးဌာန မန္တလေးဌာနခွဲမှ အနုပညာရှင်များက ဓမ္မတေးများဖြင့် ပူဇော်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ရွှေထီးတော် ဘုံဆင့်များကို နံ့သာရည်များ ပက်ဖျန်းပေးပြီး မင်္ဂလာအချိန် ကျရောက်သည်နှင့် အေးမြမေတ္တာ ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင် တင်လှူပေးကြသည်။

ရေစက်သွန်းချ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်း၊ အလှူရှင်များနှင့် ပရိသတ်များက မန္တလေးတိုင်း ပြင်ဦးလွင်မြို့ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား၌ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေ
မင်္ဂလာအချိန်ကျရောက်သည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မန္တလေးတိုင်း ပြင်ဦးလွင်မြို့ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော် ဓမ္မာရုံကြီး၌ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

သီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ကို ယူဆောင်၍ စေတီတော်ပရိဝုဏ်တွင် ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ် ခဲလယ်ကျောင်း ဆရာတော်အား ဆက်ကပ်လှူဒါန်းပြီး လှူဖွယ်ပစ္စည်းများကိုလည်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့သည် မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (စတုဘုမ္မိက)ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝိဇယအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ဟသ်ာရုပ်ကို ပင့်ဆောင်၍ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်အပူဇော်ခံကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ စိန်ပန်းခိုင်၊ ဆတ်သွားဖူး၊ ဟသ်ာရုပ်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော် စသည်တို့ကို နံ့သာရည်များ ပက်ဖျန်း၍ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

ထို့နောက် စေတီတော်အထွတ်၌ ကြိုတင်ရောက်ရှိနေကြသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ရွှေထီးတော်ဘုံဆင့်များနှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်ပေးကြသည်။

စေတီတော်အထွတ်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို တင်လှူပူဇော်အပြီးတွင် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးရွှေနန်းတင်က အမျှဝေစာတမ်းကို ဖတ်ကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းကြသည်။

ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား ဓမ္မာရုံ၌ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ရေစက်သွန်းချ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်း၊ အလှူရှင်များနှင့် ပရိသတ်များက မန္တလေးတိုင်း ပြင်ဦးလွင်မြို့ သမိုင်းဝင် မဟာရွှေမြင်တင် စေတီတော်ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား၌ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ရွှေထီးတော်ဘုံဆင့်များကို နံ့သာရည်ပက်ဖျန်း
အချိန်ကျရောက်သည်နှင့် မင်္ဂလာရထားပုံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူ

ပက်ဖျန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း သမိုင်းဝင် မဟာရွှေမြင်တင် စေတီတော် အထွတ်တွင် တင်လှူရန် ရွှေထီးတော်ဘုံဆင့်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။ (ဝဲပုံနှင့်ယာပုံ)

(သတင်းစဉ်)

ဆက်လက်၍ စိန်ပန်းခိုင်၊ ဆတ်သွားဖူး၊ ဟင်္သာရုပ်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော် စသည်တို့ကို နံ့သာရည်များ ပက်ဖျန်း၍ မင်္ဂလာရထားပုံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

ထို့နောက် စေတီတော်အထွတ်၌ ကြိုတင်ရောက်ရှိနေကြသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ရွှေထီးတော်ဘုံဆင့်များနှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်ပေးကြသည်။

စေတီတော်အထွတ်တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို တင်လှူပူဇော်အပြီးတွင် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးရွှေနန်းတင်က အမျှဝေစာတမ်းကို ဖတ်ကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းကြသည်။

ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား ဓမ္မာရုံ၌ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအလယ်ပိုင်း ယောချောင်း၊ ကျောချောင်းနှင့် ပုံတောင်ဒေသတို့မှ ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ရှေးဟောင်းသုတေသနဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန ရန်ကုန်/မန္တလေး တက္ကသိုလ် ဘူမိဗေဒဌာနနှင့် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်တို့က ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များ ပါဝင်သော "ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့"သည် မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်သို့ ဖေဖော်ဝါရီ ၁၅ရက်မှ ၂၂ရက်အထိ သွားရောက်ကွင်းဆင်း လေ့လာရှာဖွေခဲ့ရာ ပေါက်မြို့နယ်အတွင်းရှိ ချိုင်စောက်၊ ဆူးလေကုန်းနှင့် ခေါင်းပေါင်းကျေးရွာဝန်းကျင်ဒေသများမှ စတီဂိုဒွန်ဆင်၊ ဝက်မူလမျိုးနွယ်နှင့် ကြွံတို့၏ အောက်မေးရိုးနှင့် အံသွားများ၊ တောနွားတို့၏ အောက်မေးရိုး၊ အံသွားနှင့် ဦးချိုများ၊ ရေမြင်းမူလမျိုးနွယ်တို့၏ အံသွားများ၊ မိကျောင်း၏ သွားများ၊ လိပ်၏ အရိုးမာချပ်ပြားများ၊ ခရုနှင့် ကမာကောင်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများ ဆင်စွယ်အပိုင်းအစများကို စုဆောင်းရရှိခဲ့သည်။

အဆိုပါ ကျောက်ဖြစ် ရုပ်ကြွင်းများကို တွေ့ရှိရသည့် ကျောက်လွှာမှာ ဧရာဝတီ ကျောက်စဉ်စုမှ ကျောက်လွှာများဖြစ်ကြပြီး ဘူမိသက်တမ်းအားဖြင့် Plio-pleistocene(လွန်ခဲ့သည့် နှစ်ပေါင်း ငါးသန်းမှ တစ်သန်းခန့်) အချိန်ကာလကဖြစ်သည်။ ယင်းအထောက်အထားများအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် လွန်ခဲ့သော နှစ်ပေါင်းငါးသန်းမှ တစ်သန်းခန့် ကာလအတွင်းက ပင်လယ်ရေတိမ်ပိုင်း(သို့)ကုန်းတွင်းရေအိုင်များ၊ ရွံ့နွံတောများနှင့် သစ်တောကြီးများ ထူထပ်စွာပေါက်ရောက်ကာ ကုန်းနေသတ္တဝါနှင့် ရေနေသတ္တဝါများအများအပြားကျက်စားနေထိုင်ခဲ့ကြသည်။ (သတင်းစဉ်)

ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့က စုဆောင်းရရှိခဲ့သော တောနွား၊ ကြွံ၊ ဝက်မူလမျိုးနွယ်တို့၏ အောက်မေးရိုးနှင့် အံသွားနှင့် ကျွဲ၊ နွား ဦးချိုများ။
(ယဉ်ကျေးမှု)

အောက်မေးရိုးနှင့် အံသွား

မကွေးတိုင်း ပခုက္ကူခရိုင် ပေါက် မြို့နယ်အတွင်းမှ စုဆောင်းရရှိခဲ့သော စတီဂိုဒွန်ဆင်၏ အောက်မေးရိုးနှင့် အံသွားအပိုင်းအစများ။
(ယဉ်ကျေးမှု)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၃-၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ဝရိုက်တရားတော်**
၇:၁၅ ၂။ **တိပိဋကရေစမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ မင်းလှရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၂ ခုနှစ်)
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)**
၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၃၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဂူခုန်း" (အပိုင်း-၇၂)**
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၁၅ ၁၃။ မြန်မာစာ၊ မြန်မာစကား
၇:၃၀ ၁၄။ ကြေးမုံရိပ်သွင် တေးနှယဉ်
၇:၄၀ ၁၅။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၇:၄၅ ၁၆။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံစဉ်မဲ့ချစ်သူ" (အပိုင်း-၄၃)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

အင်းစိန်ကမ်းနား အလယ်ရပ်ကွက်တွင်ဆောက်လုပ်ဆဲရတနာ ကံကြီးပရိယတ္တိစာသင်တိုက် နှစ်ထပ်ကျောင်းဆောင်သစ် တတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၃ရက်က ကျင်းပရာ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ဇနပတိ(ဓမ္မာစရိယ)ထံ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက ငွေကျပ်သိန်း ၅၀ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆေးကုသမှုခံယူလျက်ရှိသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အားပေးစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မင်္ဂလာဒုံသို့ သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား ကြည့်ရှုအားပေးစကားပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ စားသောက်ဖွယ်ရာ အာဟာရ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နံနက်၈ နာရီ ၄၅ မိနစ်တွင် တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)မင်္ဂလာဒုံသို့ ရောက်ရှိလာရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ အမျိုးသားညီလာခံ ကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ တပ်မတော်မှတ်တမ်းရုံး တပ်မှူးနှင့် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ကျန်းမာရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ တပ်မတော်ဆေးရုံကြီး(ခုတင်၁၀၀၀)မင်္ဂလာဒုံ တပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းနှင့် တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ဧည့်ခန်းမ၌ တပ်မတော်ဆေးရုံကြီး (ခုတင်၁၀၀၀) မင်္ဂလာဒုံတပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်နှင့် တာဝန်ရှိသူများက ဆေးဝါးကုသမှု ခံယူလျက်ရှိကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ကျန်းမာရေးနှင့် ဆေးဝါးကုသမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြားဖြည့်ဆည်း

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မင်္ဂလာဒုံရှိ အထူးကြပ်မတ် ကုသဆောင်၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြသော တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) မှ ဦးစိုင်းလုံနှင့် ရန်ကုန်တိုင်းမှ ဦးသန်းဝင်းနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်အောင်သန်းတို့အား တွေ့ဆုံ၍ ကျန်းမာရေး အခြေအနေများ မေးမြန်းအားပေးစကားပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆေးဝါးကုသမှု ခံယူလျက်ရှိကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စားသောက်ဖွယ်ရာများကို တစ်ဦးချင်းစီသို့ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မင်္ဂလာဒုံမှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

လက်ဆောင်ပစ္စည်းများပေးအပ်

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မင်္ဂလာဒုံတွင် ဆေးကုသမှု ခံယူလျက်ရှိသော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးစိုင်းလုံအား တွေ့ဆုံအားပေးပြီး အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ စားသောက်ဖွယ်ရာအာဟာရ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မင်္ဂလာဒုံတွင် ဆေးကုသမှုခံယူလျက်ရှိသော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ရန်ကုန်တိုင်းမှ ဦးသန်းဝင်းအား တွေ့ဆုံအားပေးစဉ်။

(သတင်းစဉ်)

မွန်ပြည်နယ် မုဒုံမြို့နယ် ရွှေဟင်္သာအားကစားခန်းမ ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့ တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မွန်ပြည်နယ် မုဒုံမြို့နယ် ရွှေဟင်္သာအားကစားခန်းမဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၈နာရီတွင် အဆိုပါခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မွန်ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က အားကစားခန်းမကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အားကစားခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများက အမှာစကားပြောကြားကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မုဒုံမြို့နယ်အတွက် အားကစားပစ္စည်းများကိုပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပသော လူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ဘောလုံးလေ့ကျင့်ရေး ဝတ်စုံများနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မြန်မာဘောလုံး အဆင့်အတန်း ပြန်လည်တိုးတက်မြင့်မားလာစေရေးအတွက် လူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲချမှတ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး "ချန်ပီယံမြန်မာ၏ အနိုင်ရွေ့ကိုးများ" ဗီဒီယိုအခွေကို ပြသသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အရှေ့တောင်တိုင်း စစ်ဌာနချုပ်သို့ အမေရိကန် ဒေါ်လာ ၂၉၈ ဒေါ်လာနှင့် ငွေကျပ် ၁၃၉၄၀၀ တန်ဖိုးရှိ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် တင်းနစ် အားကစားပစ္စည်းများကိုလည်းကောင်း၊ လူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်အရ မွန်ပြည်နယ်တွင် ရွေးချယ်လေ့ကျင့်လျက်ရှိသည့် အသက် ၁၃နှစ်အောက်၊ အသက် ၁၅နှစ်အောက်၊ အသက် ၁၇နှစ်အောက် ဘောလုံးအသင်းများသို့ ၂၀၀၅ခုနှစ် ပထမ ခြောက်လအတွက် ငွေကျပ် ၅၉၀၀၀၀ တန်ဖိုးရှိသော ဘောလုံးများ၊ လေ့ကျင့်ရေးဝတ်စုံများနှင့် ဘောလုံးကန်ဖိနပ်များကိုလည်းကောင်း၊ လူငယ်ဘောလုံးနည်းပြများသို့ ၂၀၀၅ခုနှစ် ပထမ ခြောက်လအတွက် လစာငွေကျပ် ၁၄၇၀၀၀ ကို လည်းကောင်း၊ မွန်ပြည်နယ် အလေးမဆပ်ကော်မတီသို့ အမေရိကန် ဒေါ်လာ ၈၄၆ ဒေါ်လာနှင့် ငွေကျပ် ၃၆၀၀၀ တန်ဖိုးရှိ အလေးမ အားကစားပစ္စည်းများကိုလည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ ၁၀ မြို့နယ်သို့ ငွေကျပ် ၃၁၀၀၀၀ တန်ဖိုးရှိ အားကစားပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံကြသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ လူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ဘောလုံးလေ့ကျင့်ရေးဝတ်စုံများနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အားကစားပစ္စည်းများ ပေးအပ်စဉ်။

(အား/ကာ)

မေတ္တာဝိဇ္ဇာမေတ္တာရုံ တိုးချဲ့ဆောက်လုပ်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)တွင် ပဓာနနာယက ဆရာတော်ပြည်တွင်း၊ ပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရနှင့် အကျိုးဆောင်အဖွဲ့တို့ စုပေါင်းဦးဆောင်မှုဖြင့် ယောဂီ ၁၅၀၀ ခန့် တရားစခန်းဝင်ရောက် အားထုတ်နိုင်ရန် မေတ္တာဝိဇ္ဇာမေတ္တာရုံကြီးကို ထပ်ဆင့်တိုးချဲ့ဆောက်လုပ်လျက်ရှိရာ ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်များ ဖုန်း-၆၄၁၉၆၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း လဟာပြင်ဇာတ်ရုံ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဂုဏ်ပြုဖျော်ဖြေ ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ လဟာပြင်ကဇာတ်ရုံ၌ ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်လျက်ရှိရာ ယမန်နေ့ည ၇ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့က အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

တက်ရောက်အားပေး

အဆိုပါ ဂုဏ်ပြုဖျော်ဖြေတင်ဆက်ပွဲသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

ဂုဏ်ပြုဖျော်ဖြေ တင်ဆက်ပွဲတွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့က ပဏာမ ဧည့်ခံတီးလုံးဖြင့် လည်းကောင်း၊ တေးသံရှင်များဖြစ်ကြသည့် ရတနာဦး၊ ကေ့ခိုင်၊ လှမြင့်ဝင်း၊ ရွှေရည်သိန်းတန်၊ ကဗျာဘွဲ့မှူး၊ မျိုးမြင့်လေး၊ သီရိကိုကို၊ ဂျေညီမလေး၊ ထား၊ ဆုန်သင်းပါရ်၊ ရာဇာဝင်းတင့်၊ ပိုးအိစံ၊ သီတာမိုး၊ ရွှေရည်ဝင်းလက်၊ မေဘာရဏီခိုင်၊ ဝေဝေသီ၊ ခင်နန်းယုထွေး၊ တီနန်းလုံနှင့် မြန်မာ့အသံအဖွဲ့သူများက အမျိုးသားညီလာခံ ဂုဏ်ပြုတေးအပါအဝင် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုဆုငွေ

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်းကို လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းကိုလည်းကောင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့အတွက် ပေးအပ်ရာ အဖွဲ့ကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ) ဒေါ်တင်တင်မြက လက်ခံယူသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမျိုးသားညီလာခံ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "ပန်းတိုင်းပွင့်၍ မွေးသောမြေ" ကို ရေးစပ်သီကုံးသူ ဂီတစာဆို မြင့်မိုရ်ဆွေအားလည်းကောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီ)က အမျိုးသားညီလာခံဂုဏ်ပြုတေး "အလှဆုံးရှုခင်းပန်းချီ" သီချင်းကို ရေးစပ်သီကုံးသူ ဂီတစာဆို အကယ်ဒမီ ဂီတလုလင် ဦးကိုကိုအားလည်းကောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသားညီလာခံဂုဏ်ပြုတေး "ညိုနိုင်းဆွေးနွေး နိုင်ငံတော်အရေး" သီချင်းရေးစပ်သီကုံးသူ ဂီတစာဆို ဦးဂမုန်းအားလည်းကောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းအောင်က အမျိုးသားညီလာခံ ဂုဏ်ပြုတေးများဖြစ်သော "ပန်းတိုင်းပွင့်၍ မွေးသောမြေ" နှင့် "အလှဆုံးရှုခင်းပန်းချီ" သီချင်းများ သီဆိုသူ တေးသံရှင် ရတနာဦးအားလည်းကောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ် ပြည်ထောင်စုမြန်မာနိုင်ငံ ဆန်စပါး ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက အမျိုးသားညီလာခံဂုဏ်ပြုတေး "လရောင်ဆမ်းမှ လန်းသောပန်း" သီချင်းကို သီဆိုကြသော မြန်မာ့အသံ အဖွဲ့သူများအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၉ပါးအား ချီးကျူးပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

၂၀၀၅ခုနှစ်တွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော မွန်ပြည်နယ်မှ ဆရာတော်ကြီး ၁၉ပါးတို့အား ချီးကျူးပူဇော်ပွဲကို မတ် ၂၅ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် မော်လမြိုင်ဓမ္မာရုံနှင့် သက်ဆိုင်ရာမြို့နယ်များမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ လဟာပြင်ကဇာတ်ရုံ၌ ညီလာခံကိုယ်စားလှယ်များအား ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရန် ဖျော်ဖြေတင်ဆက်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းကို လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြသို့ ပေးအပ်စဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်သင်္ဘောကျင်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီးဟံစိန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ အရာရှိ/စစ်သည်များ၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် အသင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မတ် ၇ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မတ်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

မိုးအခြေအနေမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ငါးရက်မှ ခြောက်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နေ့အပူချိန်များမှာ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖြစ်မြဲထက်ပိုကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

တပ်မတော် စစ်သမိုင်းပြတိုက် ခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်တွင် ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်နိုင်ရန် မတ် ၁ ရက်မှစတင်၍ ပြည်သူများအား ဝင်ကြေးယူ၍ ဖွင့်လှစ်ပြသခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး ၂၀၀၅ခုနှစ် မတ် ၂၆ရက်တွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ပြပွဲအဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့မီးရထား အငြိမ်းစားများအသင်း သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာ့မီးရထား အငြိမ်းစားများအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ရက် မွန်းတည့် ၁၂နာရီတွင် မြန်မာ့မီးရထားရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအမှုဆောင်အဖွဲ့နှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးကိုယ်စား ဦးလှရီ အထွေထွေမန်နေဂျာ (စီမံ)က အသင်းအတွက် အလှူငွေကျပ် နှစ်ဆယ့်ငါးသိန်းလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးသန်းအောင်က လက်ခံရယူသည်။

ဆက်လက်၍ အသင်း၏ နှစ်ပတ်လည်အစီအရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားအတည်ပြုချက်ရယူပြီး အမှုဆောင်သစ်များ ရွေးချယ်ကာ အစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ရုပ်သိမ်းလိုက်သည်။ (က-ပ)

လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Prawit Wongsuwon ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်နှင့် လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwon ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူး Colonel Prissapa Suvanatat နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဆက်ကပ်ပူဇော်

ရှေးဦးစွာ ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧည့်ခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များ ဆက်ကပ်ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်သည် စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကိုပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

လှည့်လည်ကြည်ညို

ဆက်လက်၍ ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင် စနေထောင့်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကန်တော့ကြပြီး အဓိဋ္ဌာန်အောင်မြေမှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်သို့ရောက်ရှိကြရာ မင်းဓမ္မကုန်းတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများဆက်ကပ် ပူဇော်ကန်တော့ကြပြီး အလှူငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းဓမ္မကုန်းတော် ဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော်များအား သွားရောက်ကြည့်ရှုလေ့လာကြရာ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့တင်ပြမည့် မိမိတို့၏ သဘောထားတင်ပြချက် စာတမ်းနှင့် စပ်လျဉ်းသည့် အတည်ပြုဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပစဉ်။ (သတင်းစဉ်)

✡ တောင်သူလယ်သမားမှ

ယင်းအစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဧရာဝတီတိုင်းမှ ဦးကြည်တင့်နှင့် ရန်ကုန်တိုင်းမှ ဦးမြအေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်က လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ဦး ရှိသည့်အနက် ၉၂ဦးတို့ တက်ရောက်ကြသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၂ရာခိုင်နှုန်းရှိ၍ ဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

ထို့နောက် အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားညီလာခံကိုယ်စားလှယ် စစ်ကိုင်းတိုင်းမှ ဦးချစ်သန်းက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော်က အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းနှင့် စပ်လျဉ်း၍ အစုအဖွဲ့ကိုယ်စားလှယ်များထံမှ သဘောထားရယူပြီးအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဝန်ကြီးဗိုလ်ချုပ်စိန်ထွား ဗဟိုမီးသတ်သင်တန်းကျောင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းသို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ၏ စားရိပ်သာ၊ အိပ်ဆောင်၊ မျက်မမြင် သင်တန်းသားများ၏ ကွန်ပျူတာ သင်ကြားမှု၊ အနုပညာဖျော်ဖြေမှုတို့ကို ကြည့်ရှုပြီး စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့ အမျိုးသမီး စောင့်ရှောက်ရေးဌာန၏ အဆောက်အအုံများ ပြီးစီးမှု၊ အမျိုးသမီးများအား အိမ်တွင်းမှုပညာ သင်ကြားပေးမှုများကို ကြည့်ရှုစစ်ဆေး၍ အမျိုးသမီးများအား အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ပြင်ဦးလွင်

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုမီးသတ်သင်တန်းကျောင်း၌ ငရုတ်ကောင်းစိုက်ခင်း၊ ကြက်သွန်နှင့် ရာသီသီးနှံစိုက်ခင်းများ ရေပေးဝေမှုစနစ်ဖြင့် စိုက်ပျိုးနေမှု၊ သဘာဝရေထွက်များမှ စိုက်ပျိုးရန် ရေရရှိရေးကြိုးပမ်းဆောင်ရွက်နေမှု၊ သင်တန်းသား စားရိပ်သာနှင့် ကျွေးမွေးမှုအခြေအနေ၊ ဒေသကြက်ခြံ၊ နွားမွေးမြူရေးခြံ၊ ဝက်မွေးမြူရေးခြံ၊ ဆိတ်မွေးမြူရေးခြံ၊ ကုန်ပဒေသာဆိုင်၊ ဥစားကြက်မွေးမြူရေးခြံ၊ ဗဟိုကင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သင်တန်းကျောင်း စုဝေးခန်းမ၌ကျောင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၏ ဂျုံစိုက်ခင်းနှင့် စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၂၆ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၁၇) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အဆင့်ဘက်စုံထူးချွန် ပထမ၊ စာပေဘာသာ ထူးချွန်ပထမနှင့် ကျောင်းလုပ်ငန်းထူးချွန်တတိယဆုများရရှိသော စတုတ္ထတန်းမှ မပြည့်ဖြိုးငြိမ်းအား ကျောင်းအုပ်ဆရာကြီး ဦးမြသန်း ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များနှင့် ၎င်းတို့၏ ဇနီးများ မြစ်ကြီးနား၊ ဖားကန့်၊ အင်းတော်ကြီး၊ ဧရာဝတီတံတား(ရတနာပုံ)နှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းများသို့ သွားရောက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ကချင်ပြည်နယ် မြစ်ကြီးနား၊ ဖားကန့်၊ အင်းတော်ကြီးနှင့် မန္တလေးတိုင်းရှိ ဧရာဝတီတံတား(ရတနာပုံ)နှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းများသို့ လေ့လာရန်အတွက် သံတမန်များ လေ့လာရေးခရီးစဉ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီး ဒေါ်လှဲလှဲကြည်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phobe A. Gomez နှင့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများ ပါဝင်သည့် အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါ၍ ဖေဖော်ဝါရီ ၂၅ရက် နံနက် ၆နာရီ ၃၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ မြစ်ကြီးနားလေဆိပ်သို့ နံနက် ၈နာရီ ၅မိနစ်တွင် ရောက်ရှိသည်။

ဒုတိယဝန်ကြီး ဦးဆောင်သော သံတမန်များ လေ့လာရေးအဖွဲ့အား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့်ဇနီးတို့အမှူးပြုသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဒေသခံတိုင်းရင်းသား ကျောင်းသား၊ကျောင်းသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဒုတိယဝန်ကြီးနှင့် သံတမန်များ လေ့လာရေးအဖွဲ့အား တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက နံနက် ၉နာရီခွဲတွင် မလိခရိပ်သာ၌ လက်ခံတွေ့ဆုံပြီး ကချင်ပြည်နယ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် နံနက် ၉နာရီ ၅၅မိနစ်တွင် မေခနှင့် မလိခမြစ်တို့ ပေါင်းဆုံရာ မြစ်ဆုံအား ကြည့်ရှုလေ့လာရန် မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ မြစ်ဆုံသို့ နံနက် ၁၁နာရီခွဲတွင် ရောက်ရှိလေ့လာကြပြီး အမှတ်တရဓာတ်ပုံရိုက်ကူးကာ မြစ်ဆုံ၌ နေ့လယ်စာစားသုံးကြသည်။ ဒုတိယဝန်ကြီး ဦးဆောင်သော သံတမန်များ လေ့လာရေးအဖွဲ့သည် မြစ်ဆုံမှ အပြန်တွင် ငြိမ်းချမ်းရေးဂေဟာ၊ ကချင်ကျမ်းစာသင်ကျောင်းများသို့ ဝင်ရောက်ကြည့်ရှုလေ့လာကာ မြစ်ကြီးနားမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ည ၇နာရီတွင် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီးတို့က ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီး၊ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။ ဂုဏ်ပြုညစာစားပွဲတွင် ကချင်ရိုးရာတေးသီချင်းများ၊ ရိုးရာအကများဖြင့် ကပြဖျော်ဖြေခြင်း၊ မီးရှူးမီးပန်းများ မြိုင်ဆိုင်စွာ ပစ်ဖောက်ခြင်း၊ ဧရာဝတီမြစ်အတွင်း ရောင်စုံဆီမီး ၁၀၀၀၀ မျှောခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ သံတမန်မိသားစုများ၏ကိုယ်စား သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ငွေကျပ် နှစ်သိန်းစီကို အမှတ်တရလက်ဆောင်အဖြစ်ပြန်လည်ပေးအပ်သည်။

သံတမန်များလေ့လာရေးခရီးအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phobe A.Gomez နှင့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများပါဝင်သောအဖွဲ့ အင်းတော်ကြီးတွင် လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီးနှင့် သံတမန်များ လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ရက် နံနက် ၉နာရီခွဲတွင် မြစ်ကြီးနားမြို့ နမ့်ပေါင်လေတပ်စခန်းမှ နမ့်မော်မြို့သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၁၀ နာရီတွင် နမ့်မော်မြို့သို့ ရောက်ရှိပြီး တန်ချိန် ၃၀၀၀ ကျော် မြန်မာ့ကျောက်စိမ်းတုံးကြီးအား ကြည့်ရှုလေ့လာကြသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် နမ့်မော်မြို့မှ ဆက်လက်ထွက်ခွာရာ မွန်းတည့် ၁၂နာရီတွင် ဖားကန့်မြို့သို့ ရောက်ရှိကြသည်။ ဖားကန့်မြို့၌ သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆို၍ ဒေသနှင့်ပတ်သက်ပြီး ရှင်းလင်းပြသကာ ဖားကန့်မြို့၌ နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင်ရှိန်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ၍ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ယင်းနေ့မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် သံတမန်များ လေ့လာရေးအဖွဲ့သည် အင်းတော်ကြီးနှင့် သဘာဝသစ်တော ထိန်းသိမ်းထားရှိမှုများကို လေ့လာရန်အတွက် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲ ၂နာရီတွင် အင်းတော်ကြီးသို့ ရောက်ရှိကြပြီး သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုရှင်းလင်းပြသကာ အင်းတော်ကြီးအား လှည့်လည်ကြည့်ရှု လေ့လာကြသည်။ ထို့နောက် အင်းတော်ကြီးမှ ရဟတ်ယာဉ်များဖြင့် မြစ်ကြီးနားမြို့သို့ ပြန်လည်ထွက်ခွာကြပြီး ညနေပိုင်းတွင် နမ့်ပေါင်လေတပ်စခန်းသို့ ပြန်လည်ရောက်ရှိကာ မြစ်ကြီးနားမြို့၌ ညအိပ်ရပ်နားကြသည်။

ဒုတိယဝန်ကြီး ဦးဆောင်သော သံတမန်များ လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် ဇနီးတို့အမှူးပြုသော စစ်ဘက်နယ်ဘက် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ သံတမန်များ လေ့လာရေးအဖွဲ့သည် မန္တလေး တံတားဦးလေဆိပ်သို့ နံနက် ၉နာရီ ၃၆မိနစ်တွင် ဆိုက်ရောက်ခဲ့ရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက ကြိုဆိုနှုတ်ဆက်သည်။

သံတမန်များ လေ့လာရေးခရီးအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာသံတမန်များအဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phobe A.Gomez နှင့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများ ပါဝင်သောအဖွဲ့ ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ထို့နောက် သံတမန်များ လေ့လာရေးအဖွဲ့သည် ဧရာဝတီတံတားစီမံကိန်း(ရတနာပုံ)သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြသည်။ ဧရာဝတီတံတားစီမံကိန်း (ရတနာပုံ)တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြပြီး တံတားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လေ့လာရေးအဖွဲ့က တည်ဆောက်ပြီးစီးမှုလုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။

ရဲရွာရေအားလျှပ်စစ်

ထို့နောက် လေ့လာရေးအဖွဲ့သည် ရဲရွာရေအားလျှပ်စစ် စီမံကိန်းသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ စီမံကိန်းနှင့်ပတ်သက်ပြီး ရှင်းလင်းပွဲသို့ တက်ရောက်ကာ ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် မွန်းလွဲ ၂နာရီ မိနစ် ၄၀တွင် မော်တော်ယာဉ်များဖြင့် တံတားဦးလေဆိပ်သို့ ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် လေဆိပ်သို့ရောက်ရှိကြသည်။ တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဒုတိယဝန်ကြီး ဦးဆောင်သော သံတမန်များလေ့လာရေးအဖွဲ့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များက နှုတ်ဆက်ကြပြီး လေ့လာရေးအဖွဲ့သည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

တိပိဋကဓရဆရာတော် ဓမ္မခရီးစဉ်လှည့်လည်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အရှင်သုန္ဒရ (တိပိဋကဓရ၊ တိပိဋကကောဝိဒ) သည် မတ် ၂ရက်နှင့် ၃ရက်တွင် မုဒုံမြို့၌လည်းကောင်း၊ မတ် ၆ရက်တွင် တောင်ကြီးမြို့နေ မွေးနေ့အလှူရှင် ဦးလှမောင်၏ စတုပစ္စယအလှူတော်ပွဲ၌လည်းကောင်း၊မတ် ၇ရက်တွင် ဦးဖိုးပိန်-ဒေါ်မြလေး မိသားစုလက်ခုပ်ကုန်း၏ ပိဋကတ်သုံးပုံအလှူတော်မင်္ဂလာ၌လည်းကောင်း၊ မတ် ၈ရက်တွင် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း မလွန်ဆန်လှူတရားပွဲ၌လည်းကောင်း၊ မတ် ၉ရက်တွင် ဇလွန်မြို့ ပြည်တော်ပြန် ဘုရားပွဲ၌လည်းကောင်း တရားဓမ္မ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၃၁၂၅)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ရွှေထီးတော်ဘုံအဆင့်ဆင့်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် သမိုင်းဝင် မဟာရွှေမြင်တင် စေတီတော်အထွက်သို့ ပင့်ဆောင်ပူဇော်ကြစဉ်။

(သတင်းစဉ်)

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၈နာရီခွဲတွင် အဆိုပါစေတီတော်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

တက်ရောက်ကြည်ညို

ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပြင်ဦးလွင်မြို့ ပုညကာရီ ခဲလယ်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမနနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်အပူဇော်ခံစဉ်။

(သတင်းစဉ်)

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ သဘောထားတင်ပြချက်စာတမ်းကို ဖတ်ကြားအတည်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်က ရှင်းလင်းပြောကြားချက်အပေါ် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့် မိမိတို့၏ သဘောထားတင်ပြချက် စာတမ်းနှင့်စပ်လျဉ်း၍ အတည်ပြုဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပသည်။**စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ✡